## December- 1(ဒီဇင်ဘာလ ၁)

**"ထိုမှတပါး ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်လော့"။ (မ ၂၂း၃၉)**

သင်နှင့်စပ်ဆိုင်သောသူသည် သင့်ကို ဂုဏ်သိက္ခာကျအောင် ဆန့်ကျင်ပြောဆိုခြင်းနှင့် မကောင်းသော မှန်းဆခြင်းများ၌ ဦးနှောက်နှင့် လျှာကို အသုံးပြုရန် သင်သည် အလိုရှိလိမ့်မည် မဟုတ်ပါ။ ထိုနည်းတူ သင်သည်လည်း သူ့အား မပြုလုပ်သင့်ပါ။

သူ၏ ပရိုညာဉ်အောက်၌ရှိကြသောသူ အားလုံးတို့သည် ကိုယ်နှင့်စပ်ဆိုင်သော သူတစ်ဦးကို ဆန့်ကျင်သည့် သံသယစကားတစ်ခွန်းကိုမျှ မပြောရန် သတိပြုကြရမည်ဟု သခင်ဘုရား၏ ပညတ်တရားမှ မိန့်မှာထားပါသည်။ အသိပညာနောက်ကွယ်မှ သံသယကို ဆက်နွယ်လျက်ရှိသော အခြေအနေများအားဖြင့် နှလုံးသားပေါ်သို့ အတင်းပို့ဆောင်ခဲ့သော် အသစ်သော စိတ်သဘောသည် ၎င်း၏ ပင်ကိုယ်ကောင်းသောသဘောသဘာဝနှင့်မတူ လွဲမှားသော သတင်း(သို့)လွဲမှားသော အနက်အဓိပ္ပါယ်ပြန်ခြင်းနှင့် သံသယနှင့်စပ်ဆိုင်သော အပြစ်အကျိုးကို ထင်ရှားစွာ အမြဲတမ်းပေးသည့်အရာတို့ကို ဖြစ်နိုင်ချေရှိသော စိတ်ကူးများအားဖြင့် သံသယများကို ချိန်ညှိပါသည်။

## December- 2 (ဒီဇင်ဘာလ ၂)

**"ယခုလည်းသင်သည် အဘယ်ကြောင့် ဆိုင်းလင့်နေသနည်း။ ထလော့။သခင်ဘုရားကို ပဌနာပြုလျက် ဗတ္တိဇံကိုခံ၍"။ (တ ၂၂း၁၆)**

အခြားသူတို့အပေါ်တွင် ဩဇာသက်ရောက်မှု ရှိကြသော သူအားလုံးနှင့် မှန်ကန်သောလမ်း၌ သူတို့အား ခေါ်ဆောင်ရန် ရှာဖွေကြသော သူများအားဖြင့် အတုယူဖို့ရန် ထိုက်တန်သည့် အရာကို ဤလိပ်မူခြင်း၌ လမ်းညွှန်ချက်တခုရှိပါသည်။ ချက်ခြင်းပြုမူဆောင်ရွက်ခြင်းသို့၎င်း၊ စုံလင်ပြည့်ဝသော နာခံခြင်းသို့၎င်း၊ သခင်ဘုရားနှင့် သမ္မာတရားကို ပြည့်ဝသော ဝန်ခံခြင်းသို့၎င်း သူတို့အား တိုက်တွန်းအားပေးကြရမည်။ အကယ်၍ သူတို့၏ ယုံကြည်ခြင်းမျက်စိတို့သည် သခင်ဘုရားကို မြင်တွေ့ခဲ့ပြီးနောက်နှင့် သူတို့၏ နားများသည် သူ၏ အသံကိုကြားခဲ့ပြီးနောက် သူတို့သည် ချက်ချင်းနာခံရန် အလားအလာမရှိခဲ့သော် လောက၊ ဇာတိ နှင့်စာတန်မှ "အစွန်းရောက်သောသူတစ်ဦး မဖြစ်နှင့်" မပြင်းထန်ပါနှင့် "အလယ်အလတ်လမ်းလိုက်ပါ" "သခင်ဘုရားထံ သင့်ကိုယ့်ကိုယ်အား အပြည့်အဝ ဆက်ကပ်အပ်နှံခြင်း တစ်ခုကို မပြုလုပ်ပါနှင့်" ဟု ပြောသောအခါ သူတို့သည် ကာလတရပ်ကြာပြီးနောက် အလွန်အမင်း ပို၍နည်းသော ပမာဏရှိလာလိမ့်မည် ဖြစ်ပါသည်။ သင်နှင့်စပ်ဆိုင်သောသူများနှင့် သူငယ်ချင်း၊ မိတ်ဆွေများတို့သည် သင့်ကိုစိတ်မထိန်းနိုင်သောသူဟု ထင်ကြမည်ဖြစ်ပြီး သင်၏ မျှော်လင့်ချက်များနှင့် ရည်မှန်းချက်များကို ဟန့်တားမည်ဖြစ်ကာ သင်၏သူငယ်ချင်း မိတ်ဆွေများသည် ရန်သူအဖြစ်သို့ ပြောင်းလဲသွားမည်ဖြစ်ပါသည်။ နှေးကွေးစွာ သွားခြင်းသည် အလွန်များစွာသော အဖိုးအခပေးရလိမ့်မည် ဖြစ်ပါသည်။

## December- 3(ဒီဇင်ဘာလ ၃)

**"သင်သည် ငါ၏သည်းခံခြင်းနှင့် စပ်ဆိုင်သော နုတ်ကပတ်တရားတော်ကို စောင့်ရှောက်သောကြောင့် မြေကြီးအပေါ်၌ နေသော သူတို့ကို စုံစမ်းစေခြင်းငှါ၊ လောကီနိုင်ငံအရပ်ရပ်တို့ကို နှံ့ပြားလတံ့သော စုံစမ်းရာကာလတွင် သင့်ကို ငါစောင့်ရှောက်မည်"။ (ဗျာ ၃ း ၁၀)**

လောဒိကိ အချိန်ကာလ၌ ယခုမျက်မှောက်အချိန်ကာလ၌ ကြံ့ကြံ့ခံသည်းခံသော ခံနိုင်ရည်စွမ်းအားနှင့် အတူပြေးပွဲကို ပြေးကြသော သူတို့နှင့်စပ်ဆိုင်သော အထူးဆုလာဒ်ဖြစ်ပါသည်။ စုံစမ်းနှောက်ယှက်ခြင်းအချိန် နာရီကို လွတ်မြောက်ရန်သည် ကျွန်ုပ်တို့၏ အခွင့်အလန်းမဟုတ်သော်လည်း ကျွန်ုပ်တို့သခင်၏ မျက်မှောက်၌ ရောက်ရှိနေခြင်း၏ အချိန်ကာလ၌ အသက်ရှင်နေရခြင်း၏ ရလာဒ်တစ်ခုအဖြစ် အထူးကောင်းကြီးမင်္ဂလာကို ချိန်ညှိခြင်းသည် ကျွန်ုပ်တို့၏ အခွင့်အလမ်းဖြစ်ပါသည်။ သူ၏ မိဿဟာရဖွဲ့ခြင်း သူ၏ညွှန်ကြားချက်များနှင့် အတိတ်ကာလများမှ သစ္စာရှိသောသူတို့သည်(ဤအရာများကို) မရရှိခဲ့သော ပမာဏတစ်ခု၌သော်၎င်း၊ ယခုပြင်ဆင်ထားသော (သင့်လျော်သော ရာသီ၌ အစားအစာ) ဝိညာဉ်ပိုင်းဆိုင်ရာ အစားအစာအား သူ၏ ဝေပေးခြင်းကို ကျွန်ုပ်တို့သည် ရရှိနိုင်ပါသည်။ သို့သော် ကျွန်ုပ်တို့မျှော်လင့်နိုင်သော ဤအကြီးမြတ်ဆုံးသော ကျေးဇူးပြုခြင်းသည် လောကအပေါ် ရောက်ရှိလာသော စုံစမ်းခြင်း အချိန်နာရီမှ စစ်ကြောခြင်း၏ ပြင်းထန်ခြင်း နှင့်ညီလျော်စွာ လျော့ပါးပါသည်။ ကြံ့ကြံ့ခံသည်းခံခြင်းသည် အမြဲတန်းလိုအပ်ခဲ့သည်ဆိုလျှင် ယခုလည်း မဖြစ်မနေ လိုအပ်ပါသည်။

## December- 4(ဒီဇင်ဘာလ ၄)

**"သင်တို့သည် အဆိုးဖြစ်လျက်ပင် ကိုယ်သားတို့အားကောင်းသော အရာကို ပေးတတ်လျှင်၊ ထိုမျှမက ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် ဆုတောင်းသောသူတို့အား သန့်ရှင်းသော ဝိညာဉ်တော်ကိုသာ၍ ပေးတော်မူမည် မဟုတ်လောဟု မိန့်တော်မူ၏"။ (လု ၁၁ း ၁၃)**

ဘုရားသခင်၏ ဆက်ကပ်အပ်နှံထားသော သူတို့အားဘဝ၌ အဓိကရည်ရွယ်ချက်ဖြစ်သော အမှတ် လက္ခဏာသို့ခေါ်ဆောင်ခြင်းခံရလျှင် သူတို့၏ ဆုတောင်းခြင်းများအားလုံးနှင့်စပ်ဆိုင်သော ဝန်ထုပ်ဝန်ပိုးသည် သခင်၏ဝိညာဉ်တော်၏ ကြီးစွာသောအတိုင်းအတာပမာဏကိုငှ်း၊ ခရစ်တော်၏ စိတ်သဘောကိုငှ်း၊ ရရှိနိုင် ရန် ဖြစ်လိမ့်မည် ဖြစ်ပါသည်။ ၎င်းသည် မည်မျှလောက်ကောင်းကြီးမင်္ဂလာဖြစ်သည် မဟုတ်ပါလော့၊တနေ့တာ ကုန်ဆုံးသည့်တိုင်အောင် သူတို့သည် ဘုရားသခင်နှင့်အတူ လုံးထွေးခဲ့သော် သူ့အပေါ်၌ သူတို့၏တည်ကြည်ခြင်း သည် အလိုဆန္ဒရှိသောကောင်းကြီးမင်္ဂလာများကို အမှန်တကယ် ဆောင်ယူလာမည်ဖြစ်ပါသည်။ ဤကောင်းကြီး မင်္ဂလာကို သူတို့အားပေးခြင်းနှင့် စပ်ဆိုင်သော ရည်ရွယ်ချက်တခုတည်းအတွက် ဘုရားသခင်သည် သူ၏ လူတို့ထံ သူ့ကိုယ်ကိုယ်ကို ဖွင့်ပြပါသည်။ သို့သော် ၎င်းအားစိတ်အားထက်သန်စွာ ဆန္ဒရှိပြီး အသိအမှတ်ပြုရန်သူတို့သည် လေ့လာသည်အထိ ဤကောင်းကြီး မင်္ဂလာကို သူသည်ပေးရန် ငြင်းဆန်ပါသည်။

## December- 5(ဒီဇင်ဘာလ ၅)

**"အဘယ်မည်သော ဘုရားတို့အား ဝတ်ပြုမည့်အရာကို ယနေ့ရွေးကြလော့။ငါနှင့်ငါအိမ်သားဖြစ်လျှင် ထာဝရဘုရားကိုသာ ဝတ်ပြုမည်ဟု ဆိုလေသော်"။ (ယောရှု ၂၄ း ၁၅)**

ဘုရားသခင်၏ ကောင်းမြတ်သည်ဟု ကျွန်ုပ်တို့သည် မြည်းစမ်းပြီးခဲ့ကြသောသူများဖြစ်ကြပြီး အသက်သစ်သို့ ကျွန်ုပ်တို့အား ဒုတိယအကြိမ်အစပြုမွေးဖွားပေးသော သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးတော်အားဖြင့် သူ့ကိုသိရှိရန် ရောက်ရှိလာခဲ့ကြသော ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဘုရားသခင်အား ရှိသေလေးစားခြင်းထက် တခြား လုပ်ဆောင်နိုင်သော အရာမရှိပါ။ သူ့အားရှိသေလေးစားလျက် သူ့အားအပြည့်အဝကျွန်ုပ်တို့သည် ခိုလှုံကိုးစားကြရ မည်ဖြစ်ပြီး သူ့အားအပြည့်အဝခိုလှုံကိုးစားခြင်းသည် ကျွန်ုပ်တို့အတွက် သူအသိအမှတ်ပြုနိုင်သော မည်သည့်အရာ၌မဆို ကျွန်ုပ်တို့သည် ဝမ်းမြောက်စွာလျှောက်မည်ဖြစ်ပါသည်။ ကျွန်ုပ်တို့အား ပို့ဆောင်ခဲ့ သောသူ၏ လက်တော်ကြောင့် ဘယ်လိုအခြေအနေမျိုး ကျွန်ုပ်တို့တွေမြင်ပါစေ ဤကဲ့သို့ ခိုလှုံကိုးစားခြင်းနှင့် ဤကဲ့သို့ လျှောက်လှမ်းခြင်းကို ကျွန်ုပ်တို့သည် အားရကျေနပ်ပါသည်။ ထို့ကြောင့် ဤအပြုအမူဖြင့် စစ်မှန်သော သိုးထိန်းနောက်သို့ လိုက်ခြင်းသည် ကောင်းကင်ဘုံဆိုင်ရာ သိုးခြံသို့ လုံးဝဥဿုံရောက်ရှိကြလိမ့်မည်ဟု ကျွန်ုပ်တို့ စိတ်ချမှုရှိကြပါစို့။ ကောင်းကင်ဘုံဆိုင်ရာ မြို့တော်သို့ ကျွန်ုပ်တို့မရောက်ရှိမှီ ကျွန်ုပ်တို့၏ ဧည့်သည်အာဂန္တုအိမ် ၌ပင်လျှင် ဤစိတ်ချမှုများ၌ နှလုံးသားထဲမှာ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်းနှင့် ကောင်းကြီးမင်္ဂလာကျွန်ုပ်တို့ တွင် ရှိကြပါသည်။

## December-6 (ဒီဇင်ဘာလ ၆)

**"ကိုယ်စိတ်ကို မချုပ်တည်းနိုင်သောသူသည် မြို့ရိုးပြိုပျက်၍ ဟင်းလင်းရှိသော မြို့နှင့်တူ၏"။ (သု ၂၅ း ၂၈)**

ဇာတိနှင့်ဆိုင်ပြိုင်တိုက်လှန်သော တိုက်ပွဲသည် အကြီးမားဆုံးသောတိုက်ပွဲဖြစ်ပါသည်။သို့သော်မိမိစိတ်ကို (မိမိအလိုဆန္ဒ) ထိန်းနိုင်သောသူသည် မြို့တမြို့ကိုသိမ်းယူထားသောသူထက်သာ၍ကောင်း၏"ဟုထိုတိုက်ပွဲနှင့် ပတ်သက်၍သခင်၏စကားကျွန်ုပ်တို့တွင်ရှိကြပါသည်။အဘယ်ကြောင့်ဆိုသော် ဇာတိကိုထိန်းချုပ်ခြင်း၌သော်၎င်း၊ မှန်ကန်သောဦးတည်ချက်၌သော်၎င်း စစ်မှန်သော စရိုက်လက္ခဏာတစ်ခုနှင့်စပ်ဆိုင်သောတိုက်ခိုက်ခြင်းကိုလုပ် ဆောင်ရန် သူသည် ထိုအတိုင်းအတာအထိ လေ့လာခဲ့ရမည်ဖြစ်သောကြောင့်ဖြစ်ပါသည်။ကျွန်ုပ်တို့ကိုယ်တိုင် တွင်အပြစ်နှင့် တကိုယ်ကောင်းဆန်ခြင်းနှင့် တိုက်ခိုက်ခြင်း၌သော်၎င်း၊ကျွန်ုပ်တို့၏ မျက်စိများထဲမှ တံကျင်ကို ပစ်လွှတ်ခြင်း၌သော်၎င်း၊ ကျွန်ုပ်တို့၏နှလုံးသားများနှင့် ဇာတိပကတိ၌ အမျက်ဒေါသ၊ မနာလိုခြင်း၊ မုန်းတီးခြင်း နှင့် ဝိရောဓိတို့ကို နှိမ်နင်းခြင်း၌သော်၎င်း အရေးပါသော အတွေ့အကြုံရှိခဲ့ပြီးနောက်မှသာ ဖြစ်ပါသည်။ဤ ပြင်းထန်သော တိုက်ပွဲနှင့် အတွေ့အကြုံအားဖြင့် ကျွန်ုပ်တို့သည် ညီအစ်ကိုများကို ကူညီရန်နှင့် သူတို့၏အခက် အခဲများ၌ ကျွန်ုပ်တို့နှင့် စပ်ဆိုင်သော သူတို့ကို ကူညီရန် (သူတို့၏ ဒုက္ခဝေဒနာများနှင့် အားနည်းချက်များထဲမှ အောင်မြင်ရန် အတွက်သူတို့ကို ကူညီရန်) ကျွန်ုပ်တို့အား ပြင်ဆင်လိမ့်မည် ဖြစ်ပါသည်။

## December- 7 (ဒီဇင်ဘာလ ၇)

**“ကဲ့ရဲ့ခြင်းကို ခံရသောအခါ ပြန်၍မကဲ့ရဲ့။ အသေခံရသောအခါ ၊ ခြိမ်းခြောက်ခြင်းကိုမပြု”။**

**(၁ ပေ ၂ း ၂၃)**

တရားသဖြင့် မှန်ကန်စွာ ကဲ့ရဲ့ခံရခြင်းနှင့် မကောင်းပြောဆိုခံရခြင်းဖြစ်သော တစ်စုံတစ်ရာကို သူ၏ရန်သူတို့သည်သူ၌ တွေ့ရှိခဲ့သောကြောင့် မဟုတ်ပါ။ သူတို့၌ကဲ့ရဲ့ပြစ်တင်ရန်နှင့် မကောင်းပြောရန် သူသည်ဘာမှရှာမတွေ့ဘဲ သူ၏ရန်သူတို့မှာ ဤစုံလင်လုနီးပါးရှိခဲ့ကြသောကြောင့်လဲ မဟုတ်ပါ။ သို့သော်လူတို့၏အထင်အမြင်သေးပြောဆိုမှုများနှင့် အတားအဆီးများကို ခံယူနိုင်ခဲ့သည့်ဘုရားသခင်နှင့်ဆိုင်သော အလိုတော်ထဲသို့ အပြည့်အဝအပ်နှံခဲ့သော သူဖြစ်သောကြောင့် ဖြစ်ပါသည်။ ဤအရာများကို နှိမ့်ချစွာ၊ စိတ်ရှည်သည်းခံစွာ သယ်ပိုးရန်အတွက်၎င်း၊ ဤအရပ်သို့ သူ့အား ခေါ်ထားခြင်းကို အောက်မေ့သတိရရန်အတွက်၎င်း၊ သခင်ယေရှုသည်ကြံ့ကြံ့ခံသည်းခံခဲ့ပြီး သင်ခန်းစာများကို လေ့လာခဲ့ပါသည်။ သစ္စာရှိသောသူအဖြစ် သူ့ကိုယ်ကို သက်သေပြုလျက်သူ၏စစ်မှန်သော စရိုက်လက္ခဏာတိုးတက်စေလျက် ထင်ရှားပြသခဲ့ပါသည်။ သူတို့၏ဉာဏ်မျက်စိကွယ်ထားခံရခြင်းနှင့် မသိနားမလည်ခြင်း၌ လူတို့အတွက် သူ၏သနားကြင်နာခြင်းနှင့် မေတ္တာကို ထင်ရှားပြသခဲ့ပါသည်။

## December-8 (ဒီဇင်ဘာလ ၈)

**“လောကီသားတို့သည် သင်တို့ကို မုန်းလျှင်၊ သင်တို့ကို မမုန်းမှီ ငါ့ကိုမုန်းကြသည်ကို သိမှတ်ကြလော့”။** **(ယော ၁၅ း ၁၈)**

အကြောင်းအရင်းတစ်ခုမှမရှိဘဲ ကျွန်ုပ်တို့၏သခင်အား မုန်းတီးကြသည့်အတိုင်း ထိုနည်းတူဖြစ်နိုင်သမျှအတိုင်း ကျွန်ုပ်တို့နှင့်အတူရှိပါစေ။ကျွန်ုပ်တို့၏ အသက်တာသည် ဖြစ်နိုင်သမျှအတိုင်း အနီးစပ်ဆုံးစင်ကြယ်ခြင်းရှိလိမ့်မည်ဖြစ်ပြီး ကျွန်ုပ်တို့၏အတွေးများ၊ စကားလုံးများနှင့်အကျင့်အကြံများတို့သည် ဘုရားသခင်၏ဂုဏ်ကျေးဇူးတော်ကိုဖြစ်နိုင်သမျှအတိုင်း ဖော်ပြနိုင်စေလျက် လူအပေါင်းတို့အား အထူးသဖြင့် ယုံကြည်ခြင်းမိမိအိမ်သူအိမ်သားတို့အတွက် ကျွန်ုပ်တို့၏ချစ်ခြင်းမေတ္တာကို ပြောဆိုနိုင်စေမည်ဖြစ်သော ကျွန်ုပ်တို့အား ဆန့်ကျင်ခြင်းကိုထုတ်ဖော်ပြနိုင်သော မုန်းတီးခြင်း၊ မနာလိုဝန်တိုခြင်းနှင့် လူသတ်ခြင်းတို့သည် ကျွန်ုပ်တို့ကို လုံးဝမနှစ်မြို့ဘွယ်ရာရှိစေနိုင်ပါသည်။ တဖြည်းဖြည်းဖြင့် အသင်းတော်သည် ဘုန်းအသေရေသို့ ဝင်စားသောအခါ အသစ်သောခေတ်ကာလတစ်ခုကို သွတ်သွင်း၍ ရန်သူစာတန်အားဖြင့် ဉာဏ်မျက်စိကွယ်ထားခြင်းခံရပြီး အယူအဆလွဲမှားခြင်းကို ခံရကြလျက် ယခုကျွန်ုပ်တို့အား မုန်းတီးကြသော များစွာသော သူတို့သည် သခင်ဘုရား၏ ဘိသိတ်ခံများဖြစ်ကြသော ကျွန်ုပ်တို့ရှေ့၌ ဒူးထောက်ကြမည် ဖြစ်ပါသည်။ ဘုရားသခင်၏ပြည့်စုံသောသဏ္ဌာန်နှင့်တူညီခြင်းသို့ ပြန်ရောက်ရန် သူတို့အား ကူညီပေးခြင်း သူတို့အား ခွင့်လွှတ်ခြင်း၊ သူတို့အား အားပေးခြင်း သူတို့အားကောင်းကြီးမင်္ဂလာပေးခြင်းနှင့် သူတို့အား ချီမခြင်းနှင့် စပ်ဆိုင်သော ဝမ်းမြောက်ပျော်ရွှင်မှု ကျွန်ုပ်တို့တွင်ရှိကြလိမ့်မည်ဖြစ်ပါသည်။

## December-9 (ဒီဇင်ဘာလ ၉)

**"စုံစမ်းနှောက်ယှက်ခြင်းကို သည်းခံသောသူသည် မင်္ဂလာရှိ၏။ အကြောင်းမူကား စစ်ကြောစုံစမ်းခြင်းကို ခံပြီးမှသခင်ဘုရားကိုချစ်သောသူတို့အား ဂတိထားတော်မူသော အသက်သရဖူကိုရလိမ့်မည်"။**

**(ယာ ၁း ၁၂)**

သခင်ဘုရားနှင့်အတူ ယဇ်ပူဇော်ခြင်းနှင့်စပ်ဆိုင်သော ပဋ္ဌိညာဉ်ကိုပြုလုပ်ခဲ့ကြသော သူတို့အပေါ်တွင် ရောက်ရှိလာရန် ခွင့်ပြုထားသော ဘဝ၏စစ်ဆေးမှုတိုင်း၊ ညှဉ်းပန်းနှိပ်စက်မှုတိုင်း၊ ခက်ခဲမှုတိုင်းသည် သူတို့၏ ချစ်ခြင်းမေတ္တာကို စစ်ဆေးရန်ဖြောင့်မတ်ခြင်း၌ အံ့ဝင်ခွင်ကျရှိသည် မရှိသည်ကိုဝင်း၊ ချစ်ခြင်းမေတ္တာ၌တည် ဆောင်လျက်ရှိခြင်း ရှိသည် မရှိသည်ကိုဝင်း၊ ကြည့်ရန်အတွက် သူတို့အား သက်သေပြရန် ရည်ရွယ်သည်ကို ကျွန်ုပ်တို့ စိတ်နှလုံးတွင် နှလုံးသွင်းခဲ့မည်ဆိုလျှင် ဝင်းသည် ဤစစ်ဆေးခြင်းများ၊ အခက်အခဲများနှင့် စုံစမ်းနှောက်ယှက်ခြင်းတို့ကို ကျွန်ုပ်တို့၏ရှေ့၌ရှိသော အသစ်သောအလင်း၌ ထားလိမ့်မည်ဖြစ်ပြီး ကောင်းသော တိုက်လှန်ခြင်းနှင့် အောင်မြင်ခြင်း၌ ကျွန်ုပ်တို့အားကြီးစွာ ကူညီပါသည်။ ဤသေးငယ်သော စစ်ကြောခြင်းများ အားဖြင့် သခင်ဘုရားသည် သူ့အပေါ် ကျွန်ုပ်တို့၏ချစ်ခြင်းနှင့် ယုံကြည်ကိုးကွယ်ခြင်းများကို သက်သေပြလျက် ရှိနေသည်ဆိုလျှင် ဘယ်လိုဘဲ အရေးမပါသည့် အရာဖြစ်နေပါစေ(သို့) ဘယ်လိုဘဲအရေးပါသည့် အရာဖြစ်နေပါစေ ဤအရာတို့အား ကျွန်ုပ်တို့သည် သူနှင့်သူ့အမှုကိစ္စအတွက် ကျွန်ုပ်၏ချစ်ခြင်းမေတ္တာနှင့် ယုံကြည်ကိုးကွယ်မှု၏ ပြည့်စုံခြင်းကို ကျွန်ုပ်၏သခင်ထံ ထင်ရှားပြသရန် မျက်နှာသာရသော အခွင့်အလမ်းများအဖြစ် ဤအရာတို့ကို ကျွန်ုပ်တို့သည် ဝီရိယရှိစွာ ကြိုးစား၍ အသုံးပြုမည်ဟု ကျွန်ုပ်တို့သည် ပြောဆိုကြလိမ့်မည် ဖြစ်ပါသည်။

## December-10 (ဒီဇင်ဘာလ ၁၀)

**"ငါ့ကိုချီးမြှောက်သော သူတို့ကို ငါချီးမြှောက်မည်"။ (၁ရာ ၂ း ၃၀)**

ဘုရားသခင်၏အမှုတော်မြတ်နှင့် စပ်ဆိုင်သော မည်သည့်အခန်းကဏ္ဍ၌မဆိုသူသည် ကျွန်ုပ်တို့အား အခွင့်အလမ်းတံခါးကို ဖွင့်ပေးရန် ကျေနပ်သောသူဖြစ်ပါသည်။ကျွန်ုပ်တို့အား ခေါ်တော်မူခဲ့သော အကြောင်းရင်း အတွက်နှင့် သူ့အတွက် စိတ်အားထက်သန်စွာ ခွန်အားအစွမ်းသတ္တိနှင့်အတူ ဤအခွင့်အလမ်းထဲသို့ချက်ချင်း ကျွန်ုပ်တို့သည် ဝင်ရောက်သင့်ပါသည်။ဤအရာသည် သူ့အားကျွန်ုပ်တို့လက်ခံနိုင်ခြင်း၏ အခြေအနေတစ်ခု ဖြစ်သည်။ ကျွန်ုပ်တို့သည် ပျင်းရိသောသူများဖြစ်ကြပြီး အခွင့်အလမ်းများကို ဂရုမစိုက်သောသူများ ဖြစ်ကြလျှင် ကျွန်ုပ်တို့ထံမှ သူတို့သည် ဖယ်ရှားခြင်းခံရလိမ့်မည်ဖြစ်ပြီး အခြားသူတို့အား ပေးအပ်ခြင်းခံရလိမ့်မည် ဖြစ်သည်မှာ အသေအချာဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် ကျွန်ုပ်တို့၏လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ကို ဆန့်ကျင်ခြင်း (သို့) တားမြစ်ခြင်းမရှိဘဲ သူ၏အမှုကိစ္စကို အစေခံရန် တစ်စုံတစ်ဦး (သို့) အခြားတစ်ဦးကို အလျှံအပယ်ထွက်ပေါ်စေနိုင်ပါသည်။ ဘုရားသခင်နှင့်အတူတကွ လက်တွဲလုပ်ဆောင်သူများ ဖြစ်ခြင်း၌ဝင်း အထူးသဖြင့် ကျွန်ုပ်တို့၏သခင်ဘုရား ယေရှုခရစ်လုပ်ဆောင်လျက်ရှိသော ဤကြီးစွာသောအစေခံခြင်းနှင့် အတူဆက်နွယ်ခြင်း၌ဝင်း၊ သူ၏သတို့သမီးအဖြစ်ဝင်း၊ သူနှင့်အတူတကွ အမွေခံအဖြစ် ကျွန်ုပ်တို့အားခေါ် တော်မူသော မိဿဟာရဖွဲ့ခြင်း၌သော်ဝင်း ကျွန်ုပ်တို့သည်ရရှိသည့် ဤကြီးစွာသော အခွင့်အလမ်းတစ်ခုကို ကျွန်ုပ်တို့ပို၍ပို၍ အသိအမှတ်ပြုကြပါစို့။

## December-11 (ဒီဇင်ဘာလ ၁၁)

**ငါ့သား သင့်နှလုံးကို ငါ့အားပေးလော့။ သင့်မျက်စိတို့သည် ငါသွားသောလမ်းကို ကြည့်မှတ်ပါစေ။** **(သု ၂၃း၂၆)**

ဘုရားသခင်ထံသို့ပေးသော စိတ်နှလုံး၊ အလိုဆန္ဒသည် ဘုရားသခင်၏ အလိုတော်ကိုသိရန်၄င်း ဘုရားသခင်နှင့်သက်ဆိုင်သော အတွေးကို နားလည်သဘောပေါက်ရန်နှင့် ၄င်းအလိုတော်ကို စကား၌သော်၄င်း၊ အပြုအမူ၌သော်၄င်း နာခံရန် ရှာဖွေပါသည်။ အသစ်သောစိတ်သဘောကိုရရှိသည့် ဤအခြေအနေ ပမာဏနှင့်အညီရည်ရွယ်ချက်များ မျှော်လင့်ခြင်းများ၊ ချစ်ခြင်းများနှင့်အားထုတ်မှုများ စသောအမူအရာတိုင်း၌ ဘ၀အသက်တာ၏အသစ်ဖြစ်ခြင်းတစ်ခုရှိရန် စတင်လိမ့်မည်ဖြစ်ပါသည်။ ယုံကြည်သူတို့အား ဘုရားသခင်၏အလိုတော်နှင့်အကြံအစည်ကို ဖွင့်ပြခြင်းသည် ဤအကြောင်းရင်းအတွက်ဖြစ်ပါသည်။ ၄င်း၏အသိပညာ၌ကြီးထွားခြင်းအားဖြင့်၄င်း၊ ဤအရာများအပေါ်၌ ဆင်ခြင်ခြင်းအားဖြင့်၄င်း စရိုက်လက္ခဏာပြောင်းလဲခြင်းစွမ်းအားသည် ဘ၀အသက်တာ၏ နည်းလမ်းတိုင်းထဲသို့ သက်ရောက်စေနိုင်ပါသည်။

## December-12 (ဒီဇင်ဘာလ ၁၂)

**"သူသည် စိတ်ထင်သည်အတိုင်းဖြစ်၏။" (သု ၂၃း၇)**

မစင်ကြယ်ခြင်းများကို အပြင်သို့ဖယ်ထုတ်ရန်နှင့် သူတို့သည် ကျွန်ုပ်တို့၏နှလုံးသားများ၊ ကျွန်ုပ်တို့၏အတွေးများထဲသို့ ၀င်ရောက်ခြင်းမရှိကြသည်ကို မြင်တွေ့ရန်နှင့် သူတို့နှင့်အတူ ကျွန်ုပ်တို့၏နှလုံးသားများ၌ရှိလျှင် ရလဒ်သည် သာ၍ကြီးစွာသော (သို့) နည်းသောပမာနသို့ ကျွန်ုပ်တို့အား ညစ်ညမ်းစေခြင်းအတွက်လုပ်ဆောင်ရန်ရှိလိမ့်မည်ကို သိမှတ်လျှက် အထူးဂရုစိုက်ရန် သခင်ဘုရား၏ ဆက်ကပ်အပ်နှံထားသောလူတို့အား ဤကျမ်းပိုဒ်မှ တိုက်တွန်းအားပေးလျက်ရှိပါသည်။ စင်ကြယ်သောအတွေးကို ထိန်းသိမ်းသော မည်သူမဆိုစကား၌သော်၄င်း၊ အပြုအမူ၌သော်၄င်း စင်ကြယ်ခြင်းကို ထိန်းသိမ်းခြင်း၌ သေးငယ်သောအားထုတ်မှုရှိကြမည်ဖြစ်ပါသည်။ မစင်ကြယ်ခြင်းသည် ဦးတည်ရပ်တခုမှ (သို့) အခြားဦးတည်ရပ်တခုဖြစ်စေ (လောက (သို့)ဇာတိ (သို့)စာတန်မာနတ်ထံမှ) ၄င်း၏တိုက်ခိုက်ခြင်းသည် စိတ်နှလုံးအပေါ်တွင် ရှေးဦးစွာရှိရမည်ဖြစ်ပြီး အကယ်၍ ဖယ်ရှားခဲ့သော် ထိုနေရာ၌ အောင်မြင်ခြင်းကိုရရှိမည်ဖြစ်ပါသည်။ မဖယ်ရှားခဲ့သော် "တပ်မက်သောစိတ်(တကိုယ်ကောင်းဆန်သောမည်သည့်အလိုဆန္ဒမဆို)သည် ပဋိသန္ဓေယူ၍ (စိတ်နှလုံးထဲ၌)ဒုစရိုက်ကိုဘွားတတ်၏။(အပြစ်နှင့်ပြည့်၀သောစကား (သို့) အပြုအမူအကျင့်အကြံ)ဒုစရိုက်သည်လည်း ပြည့်စုံလျှင်သေခြင်းကိုဘွားတတ်၏။" ဟု တမန်တော် ယာကုပ်မှ မိန့်မှာထားသည့်အတိုင်း မည်သည့်အကျိုးဆက်များရှိနိုင်မည်ကို ကျွန်ုပ်တို့မသိနိုင်ပါ။

## December-13 (ဒီဇင်ဘာလ ၁၃)

**"ဤသူတို့ပြုသော ဒုစရိုက်အပြစ်ကို မှတ်တော်မမူပါနှင့်။" တ ၇း၆၀**

ဤသင်ခန်းစာကိုကောင်းစွာလေ့လာရန် ဝိညာဉ်ပိုင်းဆိုင်ရာ ဣသရေလတို့အားလုံးအတွက် မည်မျှ လောက်ကြီးစွာသော ကောင်းကြီးမင်္ဂလာတခုဖြစ်လိမ့်မည်မဟုတ်ပါလော။ တနည်းအားဖြင့်ဆိုသော် မည်သည် အမှုအရာ၏ ရလဒ်များကိုမဆို ကောင်းဖို့အတွက်ဖြစ်သည်ဟု ကျွန်ုပ်တို့လက်ခံခဲ့သည်ဆိုလျှင် ဘုရားသခင် ၏ပြင်ဆင်မစတော်မူသောအားဖြင့် ထိုရလာဒ်များသို့ ကျွန်ုပ်တို့အား သွန်သင်လမ်းပြလျက်ရှိသည်ဟု သိမှတ် နားလည်ခဲ့သည်ဆိုလျှင် အမှန်မှာ ပြစ်မှားသောသူတို့သည် လိုလိုလားလားစိတ်မပါသောသူများဖြစ်ကောင်းဖြစ် နိုင်ပါသည် (သို့) ဆန့်ကျင်ဘက်ရလာဒ်များကို ရည်ရွယ်ခဲ့သော ယောသပ်၏ညီအစ်ကိုများကဲ့သို့ ဖြစ်ကောင်းဖြစ်နိုင်သော်ငြားလည်း၊ ဘုရားသခင်၏မစတော်မူသောအားဖြင့် အသုံးပြုခြင်းခံရကြသော တန်ဆာပလာများဖြစ်ကြသည့်သူတို့အား ကျွန်ုပ်တို့သည် အလွန်ကြင်နာစွာ၊ အလွန်ရက်ရောစွာ စဉ်းစား တွေးတော၍ ခံစားပေးသင့်ကြပါသည်။ သူတို့၏နေ့စဉ်ဘဝအသက်တာများ၌လုပ်ဆောင်လျက်ရှိသည့် အင်အားများနှင့် အငန်အတာများအတွက် ဤကဲ့သို့သောအမြင်ကို ယူရန်တတ်စွမ်းနိုင်သောသူတို့သည် တမန်တော်ဖော်ပြသကဲ့သို့ အမြဲတမ်းတံပိုးမှုတ်ရန် တတ်စွမ်းနိုင်ကြပါသည်။ ထိုကဲ့သို့သောသူတို့၌ ခါးသီးခြင်း (သို့) အပြစ်ရှာခြင်း အတွက်မရှိပါ၊ စာတန်ကိုဆန့်ကျင်ခြင်းနှင့် သူ၏အစေခံမည်သူ့ကိုမဆို ဆန့်ကျင်ရန်အတွက် နေရာမရှိပါ။

## December-14 (ဒီဇင်ဘာလ ၁၄)

**"သနားစုံမက်တတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား ထိုသူတို့သည် သနား စုံမက်ခြင်းကို ခံရကြလတံ့။" (မ ၅း၇)**

၄င်းကိုအားလုံးမသိကြပါ။ သို့သော် လူသားတို့ကျင်လည်ပြုမူနိုင်သော အကြီးမားဆုံးအရည်အချင်း ဖြစ်ပါသည်။ ကောင်းကြီးမင်္ဂလာ၏ အကြီးမားဆုံးသောပမာနကို ဆောင်ယူလာသော ထိုသနားစုံမက်ခြင်း သည် ကရုဏာ၊ သနားကြင်နာခြင်း၊ ကျေးဇူးပြုခြင်းနှင့်စပ်ဆိုင်သော ဘုရားသခင်နှင့်တူသော အရည်အချင်း ကို ကျင်လည်လုပ်ဆောင်ခြင်းဖြစ်ပါသည်။ အသိပညာ၌သော်၄င်း (သို့) ကျေးဇူးတရား၌သော်၄င်း ကျွန်ုပ် တို့၏ရရှိခြင်းများသည် မည်သို့ပင်ရှိနိုင်စေကာမူ၊ ကျွန်ုပ်တို့တွင် ဤအရာတခုမရှိခဲ့သော် သူသည် ကျွန်ုပ် တို့အား ဘယ်တော့မှလက်ခံနိုင်မည်မဟုတ်ပါ။ အကယ်၍ ကျွန်ုပ်တို့သည် အခြားသူတို့အပေါ်တွင် သနား စုံမက်ခြင်း ကရုဏာမရှိလျှင် ကောင်းကင်ဘုံရှင် ခမည်းတော်ဘုရားသခင်သည်လည်း ကျွန်ုပ်တို့အပေါ်တွင် ကရုဏာရှိမည်မဟုတ်ပါဟု မိန့်မှာလျက် သခင်ဘုရားသည် သနားစုံမက်ခြင်းနှင့်စပ်ဆိုင်သော ဤအရည် အချင်းကို အလေးအနက်ထားပါသည်။ ဤသနားစုံမက်ခြင်းကို အပြင်ပိုင်းဆိုင်ရာသဏ္ဍာန်တခုဖြစ်သည်ဟူ၍ ကျွန်ုပ်တို့သည် မတွေးတောမစဉ်းစားကြပါ။ အပြစ်ခွင့်လွှတ်ခြင်းနှင့် သနားစုံမက်ခြင်းအား ဖော်ပြခြင်းကို ကာကွယ်ရန်"စိတ်နှလုံးထဲမှ တဦးကိုတဦးခွင့်မလွှတ်ဘူးဆိုလျှင် ကောင်းကင်ဘုံရှင်ဘုရားသခင်သည်လည်း သင်တို့ကိုခွင့်လွှတ်လိမ့်မည်မဟုတ်"ဟု ပြောဆိုလျက် သခင်ဘုရားသည် ဤအရာကို ရှင်းလင်းစွာဖော်ပြထား

ပါသည်။ သနားစုံမက်တတ်သော သူတို့သာလျှင် သနားစုံမက်ခြင်း ကရုဏာကိုရမည်ဖြစ်ပါသည်။ အကယ်၍ ကျွန်ုပ်တို့တွင် သခင်ဘုရား၏လက်တော်မှ သနားစုံမက်ခြင်း ကရုဏာမရှိဘူးဆိုလျှင် အရာခပ်သိမ်းကို ဆုံးရှုံးခြင်းဖြစ်ပါသည်။ အဘယ်ကြောင့်သော် ပကတိသဘောအားဖြင့် ကျွန်ုပ်တို့သည် အခြားသူများကဲ့သို့ပင်၊ တရားစီရင်ခြင်း၏အောက်၌ ရှိကြသောအမျက်ခံရာ သားသမီးများပင်ဖြစ်ခဲ့ကြသောကြောင့်ဖြစ်ပါသည်။

## December-15 (ဒီဇင်ဘာလ ၁၅)

**"ထာဝရဘုရားသည် ငါ၏သိုးထိန်းဖြစ်တော်မူ၏။" (ဆာ ၂၃း၁)**

သူ၏လူတို့ကို သူ၏သိုးများဟူ၍ခေါ်ခြင်း၌ သူတို့တွင် "သူ"ထင်ရှားပြသခဲ့သည့် အလွန်အရေးပါသော ဂုဏ်အင်္ဂါနှင့်စပ်ဆိုင်သော အမှတ်လက္ခဏာတခုကို ဘုရားသခင်သည် ရွေးချယ်ပါသည်။ သိုးတို့မှ အလွန်အလွယ်တကူတွေ့မြင်နိုင်သော စရိုက်လက္ခဏာများမှာ နူးညံ့သိမ်မွေ့ခြင်း၊ ထိန်းရလွယ်ခြင်းနှင့်သူ၏ဂရုစိုက်ခြင်းထဲသို့သူတို့ကိုယ် သူတို့အား အပြည့်အဝအပ်နှံထားသော သိုးထိန်း၏စကားကို နာခံခြင်းတို့ဖြစ်ကြပါသည်။ စစ်မှန်သောသိုးတို့သည် သိုးထိန်း၏အလွန်တိုးညင်းသောအသံ၏ အနိမ့်အမြင့်များကို နားထောင်ရန် ဂရုစိုက်မည်ဖြစ်ပါသည်။ ဆိုလိုသည်မှာ သူသည် သူ၏နှလုံးသားထဲ၌ သူ၏နှုတ်ကပတ်တော်များကို ထိန်းသိမ်းထားမည်ဖြစ်ပါသည်။ သူ၏မစတော်မူခြင်းများကို သူသည်လေ့လာမည်ဖြစ်ပါသည်။ ထို့ပြင်သူ၏အခွင့်အလန်းဖြစ်သော ဘုရားသခင်နှင့်အတူ ပေါင်းသင်းဆက်ဆံခြင်းနှင့် တဦးချင်းဆိုင်ရာ မိသာဟာရဖွဲ့ခြင်းကို သူသည် တိုးတက်စေမည်ဖြစ်ပါသည်။ ထိုကဲ့သို့သူ၌တည်သော သူတို့သည် ဘယ်တော့မှလမ်းလွဲမသွားနိုင်ပါ။ သူတို့သည်ဘယ်တော့ ဘယ်တော့မှ သူတို့၏လမ်းကို မဆုံးရှုံးနိုင်ပါ။

## December-16 (ဒီဇင်ဘာလ ၁၆)

**"သင်တို့သည် ဘာသာနှစ်ပါးစပ်ကြားမှာ အဘယ်မျှကာလပတ်လုံး ယုံမှားသောစိတ်နှင့် နေကြလိမ့်မည်နည်း။ထာဝရဘုရားသည် ဘုရားသခင်မှန်လျှင်ထိုဘုရားကိုဆည်းကပ်ကြလော့။ဗာလသည် ဘုရားသခင်မှန်လျှင် ထိုဘုရားကိုဆည်းကပ်ကြလော့"။ (၃ ရာ ၁၈း၂၁)**

ဆုံးဖြတ်ချက်တခုသို့လျှင်မြန်စွာရောက်ရှိရန်စိတ်နှလုံးကို စွမ်းဆောင်နိုင်စေမည်ဖြစ်သော(သို့)ကျွန်ုပ်တို့အားဆုံးဖြတ်ချက်ချရန် ကူညီလိမ့်မည်ဖြစ်သော အချို့သောဖြစ်ရပ်များ၌ကဲ့သို့ ကျွန်ုပ်တို့တွင် "စံ" အချို့ရှိရန် လိုအပ်ပါသည်။ သဘောထားကွဲလွဲမှုကို အဆုံးသတ်ရန်ရှိလိမ့်မည်ဖြစ်သော မည်သည့်အကြောင်းအရာနှင့် ပတ်သက်၍မဆို ဘုရားသခင်၏ အလိုတော်ကို ရရှိရန် ဤ"စံ" သည် ဘုရားသခင်၏အလိုတော်ဖြစ်သင့်ပါသည်။ ဘုရားသခင်အလိုတော်သည် ဘယ်အရာဖြစ်သည်ကို မှန်ကန်သည့်ဘက်မှ အမြဲတမ်းဆုံးဖြတ်ရန်နှင့် လျှင်မြန်စွာဆုံးဖြတ်ချရန် အရည်အချင်းသည် အတွေ့အကြုံအချို့နှင့် စည်းကမ်းအချို့တို့ကို လိုအပ်ပါသည်။ သို့သော်ကျွန်ုပ်တို့သည် လျှင်မြန်စွာ စတင်လေလေ ကျွန်ုပ်တို့သည် လျှင်မြန်စွာ လေ့ကျက်သောသူ (ကျွမ်းကျင်သောသူ) ဖြစ်လာလေလေဖြစ်လာမည်ဖြစ်ပါသည်။ ဘုရားသခင်၏ အလိုတော်ကို သိရန်နှင့်ထိုအလိုတော်ကို ဆောင်ဖို့ရန်အတွက်ငင်း ထို့အပြင် ကျွန်ုပ်တို့သည် သူ၏အလိုတော်ကို လုပ်ဆောင်ရန်ဝမ်းမြောက်ကြသည်ဟု ကျွန်ုပ်တို့ထားလေလေ ကျွန်ုပ်တို့သည် သင့်လျော်သည့်လိုင်းများ အပေါ်တွင်တည်ဆောက်ထားသော ကျွန်ုပ်တို့၏ စရိုက်လက္ခဏာများကို ပို၍ပို၍ လျှင်မြန်စွာ တွေ့ရှိကြလေဖြစ်မည်ဖြစ်ပါသည်။

## December-17 (ဒီဇင်ဘာလ ၁၇)

**“သို့ဖြစ်၍ငါ့ချစ်သူ သင်တို့သည် ငါ့မျက်မှောက်၌ နားထောင်သည်သာမက မျက်ကွယ်၌လည်း အစဉ်နားထောင်ကြသည်နှင့် အညီ၊ကြောက်ရွံ့တုန်လှုပ်သောစိတ်နှင့်၊ ကိုယ်ကိုကယ်တင်ခြင်းငှာ ကိုယ်တိုင်ကြိုးစားအားထုတ်ကြလော့။ အကြောင်းမူကား သင်တို့သည် အလိုရှိစေခြင်းငှါလည်း၊ အကျင့်ကျင့်စေခြင်းငှါလည်း၊ သင်တို့အထဲ၌ စေတနာတော်အားဖြင့် ပြုပြင်တော်မူသောသူကား ဘုရားသခင်ပေတည်း။ (ဖိ ၂း၁၂ -၁၃)**

ခရစ်တော်၌ရှိသော ရွေးနုတ်ခြင်းကို ကျွန်ုပ်တို့အတွက် ပြင်ဆင်ပေးခဲ့တော်မူသော ဘုရားသခင်ဖြစ်ပါသည်။ သူကိုယ်တိုင်ထံသို့ ကျွန်ုပ်တို့အား ဆွဲခေါ်ခဲ့ပြီး ဖြောင့်မတ်ခြင်း၏လမ်းများ၌လျှောက်ရန်နှင့် ကိုယ်ကိုကိုယ်ငြင်းပယ်ခြင်း၊ ယဇ်ပူဇော်ခြင်းလမ်း၌ ခရစ်တော်၏ခြေတော်ရာနောက်သို့ လိုက်ရန် လိုအပ်သောကျေးဇူးပြုခြင်းအားလုံးကို ကျွန်ုပ်တို့အတွက် ဂတိပြုတော်မူခဲ့သော ဘုရားသခင်ဖြစ်ပါသည်။ ထို့ကြောင့် ကြောက်ရွံ့တုန်လှုပ်သောစိတ်နှင့်အတူ (ကြီးစွာသောအထူးဂရုစိုက်ခြင်းနှင့်အတူ) ကိုယ်ကိုကယ်တင်ခြင်းငှါ ကိုယ်တိုင်ကြိုးစားနေစဉ် လိုအပ်သော အချိန်တိုင်း၌ ကူညီရန် ဂတိပြုထားတော်မူသော ကျေးဇူးပြုခြင်းကို အမြဲတမ်းသိမှတ်ရန်နှင့် ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့ထံပေးအပ်ခဲ့သော ခရစ်တော်၏ ဖြောင့်မတ်ခြင်းနှင့် စပ်ဆိုင်သော ရွေးနုတ်ကျေးဇူးပြုခြင်းအားဖြင့် ဆက်သသောအခါ ဖြောင့်မတ်ခြင်းဆီသို့ ကျွန်ုပ်တို့၏ အကောင်းဆုံး ကြိုးစားအားထုတ်မှုများသည် ဘုရားသခင်လက်ခံနိုင်သော အရာများဖြစ်ကြသည်ကို ယုံကြည်စိတ်ချမှု ရှိရန်သည် ကျွန်ုပ်တို့၏ အခွင့်အလန်းဖြစ်ပါသည်။

## December-18 (ဒီဇင်ဘာလ ၁၈)

**“ထာဝရဘုရားသည် ငါ့ကိုမစတော်မူသည်ဖြစ်၍၊လူသည်ငါ၌ပြုနိုင်သမျှကိုငါမကြောက်ဟုငါတို့သည် ရဲရင့်သောစိတ်နှင့်ပြောဆိုရသော အခွင့်ရှိကြ၏။” ( ဟေဗြဲ ၁၃း ၆)**

ကျွန်ုပ်တို့ထံသို့ ရောက်ရှိလာသောဘဝအသက်တာနှင့် စပ်ဆိုင်သော စုံစမ်းစစ်ကြောခြင်းများနှင့် အခက်ခဲများကို ရင်ဆိုင်နိုင်ရန်နှင့် ဆင်းရဲဒုက္ခ၌ ဝမ်းမြောက်ခြင်းစိတ်သဘောနှင့် ထိုကဲ့သို့သော အတွေ့အကြုံများကို ဝမ်းမြောက်စရာ သက်သက်ဖြစ်သည်ဟု ရေတွက်ခြင်း၌ သခင်ဘုရား ညွှန်ပြတော်မူသော သင့်လျော်သည့်စိတ်သဘော၌ သူတို့အား ရင်ဆိုင်ရန်နှင့်ဘဝအသက်တာ၌ သင့်လျော်သောလမ်းကြောင်းရှိဖို့ရန်အတွက် ထောင်ချောက်တခုကို ယူဆောင်လာသော လူကိုကြောက်ရွံ့ခြင်း အားလုံးတို့ကို ဖယ်ရှားရမည်မှာ မဖြစ်မနေလိုအပ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ယေဟောဝါဘုရားသခင်အား ကြောက်ကြရမည်ဖြစ်ပြီး ကျွန်ုပ်တို့၏ သေနိုင်သော လူတို့အား ကြောက်ကြရမည်မဟုတ်ဟု သခင်မှ ညွှန်ကြားထားခြင်းဖြစ်ပါသည်။ ဖြောင့်မတ်သောသူတို့သည် ခြင်္သေ့ကဲ့သို့ ရဲရင့်သောသူများဖြစ်ကြသလို ချိုးငှက်ကဲ့သို့ သိမ်မွေ့၍ သိုးကဲ့သို့ နူးညံ့နှိမ့်ချသောသူများ ဖြစ်ကြပါသည်။ဤထူးခြားသော ပေါင်းစပ်ထားခြင်းကို ခရစ်ယာဉ်တိုင်း၌ တွေ့နိုင်ပါသည်။ အကယ်၍ အခြားနေရာ၌ ၎င်းကိုတွေ့ရှိခဲ့သော် ကျွန်ုပ်တို့သည် သံသယဖြစ်မည် ဖြစ်ပါသည်။

## December-19 (ဒီဇင်ဘာလ ၁၉)

**"လက်နက်စုံကို ချွတ်သောသူသည် ဝါကြွားသကဲ့သို့ ဝတ်ဆင်သောသူသည်မဝါကြွားစေနှင့်ဟု ပြန်ပြော၏"။ ( ၃ရာ ၂၀း၁၁)**

ကြံ့ကြံ့ခံသည်းခံခြင်းသည်ရွေးချယ်တော်မူသောအသင်းတော်၊ခရစ်တော်၏ကိုယ်အားတွေ့ကြုံစေသည့် သစ္စာရှိခြင်းနှင့်စပ်ဆိုင်သော အပြင်ထန်ဆုံး စစ်ဆေးခြင်းများထဲမှ တခုအသေအချာဖြစ်ပါသည်။ အခြား ကောင်းမြတ်သောအရာနှင့်အကျိုးကျေးဇူးတိုင်းနှင့် စပ်ဆိုင်သော ခွန်အားအစွမ်းသတ္တိပမာဏကို တိုင်းတာသော စစ်ဆေးခြင်းဖြစ်ပြီး၊ဤစစ်ဆေးခြင်းကိုမခံရပ်နိုင်သော ကားတိုင်၏စစ်သူရဲ မည်သူမဆို အောင်မြင်ခြင်း ပန်းဦးရစ် သရဖူနှင့်အတူ အောင်ပွဲခံရလိမ့်မည်မဟုတ်ပါ။ အခြားတိုက်ပွဲများအားလုံး၌ကဲ့သို့ ဤနေ့ရက်ကာလ၏တိုက်ပွဲ ၌ ရန်သူ၏ အားထုတ်မှုသည် သခင်ဘုရား၏ လူတို့အပေါ် ရှုတ်တရက် မမြော်လင့်ဘဲ တိုက်ခိုက်ရန် လွှမ်းမိုး ရန် ဖြစ်ပါသည်။ ထို့ကြောင့် ထိုကဲ့သို့သော အရေးပေါ် အခြေအနေများအတွက် ပြုလုပ်နိုင်သည့် တခုတည်း သောပြင်ဆင်ခြင်းမှာ အဆက်မပြတ် သတိရှိလျက် ဆုတောင်းကာဘုရားသခင်၏ လက်နက်စုံတစ်ခုလုံးအား ဝတ်ဆင်ခြင်း (သမ္မာတရားနှင့် သမ္မာတရားနှင့် စပ်ဆိုင်သောစိတ်သဘော) ဖြစ်ပါသည်။

## December-20 (ဒီဇင်ဘာလ ၂၀)

**"သင်မူကား၊ဝန်ခံတော်မူသောသူ၊ ရှက်ကြောက်စရာအကြောင်းမရှိဘဲ၊ သမ္မာတရားကို မှန်ကန်စွာ ပိုင်းခြားတတ်သော ဆရာသမားဖြစ်လျက်၊ ဘုရားသခင်ရှေ့၌ ကိုယ်ကိုကိုယ်ဆက်သခြင်းငှာ ကြိုးစားအား ထုတ်လော့။" ( ၂ တိ ၂း ၁၅)**

အင်္ဂလိပ်ကျမ်းစာ၌**"Study"**(အထူးဂရုစိုက်စွာလေ့လာသုံးသပ်ခြင်း)ဟူသော စကားလုံးအား"ကြိုးစား အားထုတ်လော့"ဟူ၍ဘာသာပြန်ထားပါသည်။ထိုစကားလုံး၌ အဓိပ္ပါယ်များစွာရှိပြီး အထူးဂရုစိုက်စွာလေ့လာ သုံးသပ်ခြင်းအားဖြင့်သာလျှင် ဘုရားနှင့်ဆိုင်သော သဘောတူညီခြင်းနှင့် လက်ခံခြင်းအတွက်လမ်းကျဉ်းကို တွေ့ရှိနိုင်ပါသည်။ ဘုရားသခင်ရှေ့၌ ကိုယ်ကိုကိုယ်ဆက်သခြင်းငှါ အထူးဂရုစိုက်စွာ လေ့လာသုံးသပ်ကြလော့ ဆိုသည်မှာ ဩဝါဒကို အထူးဂရုစိုက်စွာ လေ့လာသုံးသပ်ပါ။ ဩဝါဒနှင့်အတူ ညီညွတ်မှု၌ စောင့်ထိန်းရန် သင်၏ ပြုမူလုပ်ဆောင်ခြင်း၏ လမ်းကြောင်းကို အထူးဂရုစိုက်စွာလေ့လာသုံးသပ်ပါ။ ဇိအုန်၏ငြိမ်သက်ခြင်း နှင့် အောင်မြင်မှုကို ဖွံ့ဖြိုးရန် မည်ကဲ့သို့ ပံ့ပိုးရမည်ကို အထူးဂရုစိုက်စွာ လေ့လာသုံးသပ်ပါ။ လောကီဆိုင်ရာ ဝိညာဉ်၊ ဆိုးညစ်ခြင်း၏ အဆိပ်မှုရင်း၊ မှားယွင်းခြင်း၏ လက်နက်များမှုရင်း သင့်ကိုယ်သင်နှင့် အခြားသူတို့အား မည်ကဲ့သို့ ကာကွယ်ရန်အတွက် အထူးဂရုစိုက်စွာ လေ့လာသုံးသပ်ပါ။ ကားတိုင်၏သစ္စာရှိသော စစ်သူရဲတဦး၏ တာဝန်ဝတ္တရားများကို ပြသရန် အထူးဂရုစိုက်စွာ လေ့လာသုံးသပ်ပါ။ (အရေးမပါဘူးဟုထင်မြင်ရသော အ ရာများ၌ သာမက အလွန်ရဲရင့်ခြင်းနှင့် အမွန်မြတ်ဆုံးသော အပြုအမူများ၌လည်း)

## December-21 (ဒီဇင်ဘာလ ၂၁)

**အားကြီးသောကောင်းကင်တမန်တပါးက၊ထိုစာစောင်ကိုဖွင့်၍တံဆိပ်တို့ကိုခွာခြင်းငှါ"အဘယ်သူထိုက်သနည်း"ဟုကြီးသောအသံနှင့် ကြွေးကြော်လျက်ရှိသည်ကို ငါမြင်၏။ ( ဗျာ ၅ း ၂)**

ယုဒမျိုးခြသေ့်တည်းဟူသော ကျွန်ုပ်တို့၏ မင်္ဂလာရှိသောသခင်ယေရှုခရစ်အားဖြင့် ထိုက်တန်သောတံဆိပ်ဖွင့်ပေးတော်မူခဲ့သည့် ဘုရားသခင်၏ အကြံအစည်နှင့် စပ်ဆိုင်သော စာလိပ်ကို ကြည့်ရှု့ရန်ထိုက်တန်သောသူများဟု ဘုရားသခင်သည် ကျွန်ုပ်တို့အားရေတွက်ခဲ့သည်ကို သိမှတ်နားလည်ကြသည့်အတိုင်း၊ အရာအားလုံး၌ ၎င်းအားသစ္စာရှိစွာ နာခံလျက် သစ္စာရှိခြင်းအားဖြင့် ထိုအထဲ၌ ဆက်လက်ကြည့်ရှုရန်နှင့်သူ၏တရားမှအံ့ဘွယ်ကောင်းသောအရာများကို ဆက်လက်ဖတ်ရှုရန် ကျွန်ုပ်တို့၏ ထိုက်တန်ခြင်းကိုမှန်ကန်ကြောင်း ချစ်သောညီအစ်ကိုမောင်နှမများ သက်သေပြကြပါစို့။ ဘုရားသခင်နှင့် ဆိုင်သောသမ္မာတရား၏ အလင်းကို ရောင်ပြန် ဟပ်ခြင်းအတွက် ကောင်းကြီးမင်္ဂလာနှင့် ကြွယ်ဝပြည့်စုံသောအမှုတော်မြတ်၌ အခန်းကဏ္ဍ အချို့ရှိ ရန်ရေတွက်ခံရခြင်း၌ ကျွန်ုပ်တို့၏ ကြီးစွာသော အခွင့်အလမ်း၏တန်ဖိုးကိုလျော့၍ မထင်ကြပါစို့နဲ့။ သမ္မာတရား၏အလင်းကိုစိတ်နှလုံးပါလျက် လက်ခံရရှိပြီး အခြားသူတို့ထံလှပစွာလက်ဆင့်ကမ်းလျက် ကျွန်ုပ်တို့အပေါ်သို့ ရောက်လာရန်ဘုရားသခင်ခွင့်ပြုနိုင်သော ပြင်းထန်ဆုံးသောဖိအားများကို သစ္စာရှိစွာ ကြံ့ကြံခံ၍ အမှန်တကယ်စိန်များရှားပါး၍ တန်ဖိုးရှိသော ရတနာများဖြစ်ကြောင်းကိုသက်သေပြကြပါစို့ ။ အဘယ်ကြောင့်ဆိုသော် ဤသေးငယ်သောအရာများတို့၌ သစ္စာရှိလျှင် အချိန်တန်သောအခါ ကြီးစွာသော ဘုန်းအသရေနှင့် တန်ခိုး၌ ခရစ်တော်နှင့် အတူ အုပ်စိုးရန်အတွင်လည်း ရေတွက်ဝင်ခြင်းခံရလိမ့်မည် ဖြစ်ပါသည်။

## December-22 (ဒီဇင်ဘာလ ၂၂)

**"မိမိကို စင်ကြယ်စေသောသူမည်သည်ကား၊ အသရေရှိသောတန်ဆာ၊ သန့်ရှင်း၍အိမ်ရှင်သုံးစရာကောင်းသော တန်ဆာ၊ကောင်းသောအမှုများ အဘို့အလို့ငှါ ပြင်ဆင်သောတန်ဆာ ဖြစ်လိမ့်မည်။" (၂တိ ၂း၂၁)**

ဘုရားသခင်ထံမှ ချီးမြှောက်ခြင်းကို အလိုရှိသော မည်သူမဆို ဘုရားသခင်၏ ခွဲခန့်မှတ်သားထားသောနှိမ့်ချ ခြင်းနှင့်စပ်ဆိုင်သော လမ်းတလျှောက်၌ ၎င်းကိုရှာဖွေရန် မပျက်ကွက်ပါစေနဲ့။ အဘယ်ကြောင့်ဆိုသော်ဘုရားသခင်သည် သူ၏ကျေးဇူးပြုခြင်းကို နှိမ့်ချသောသူတို့ထံပေးသောကြောင့် ဖြစ်ပါသည်။ သခင်၏အသုံးပြုခြင်းအတွက် အံ့ဝင်ဂွင်ကျသော တန်ဆာပလာနှင့် အသရေရှိသော တန်ဆာတခုဖြစ်ရန် သင်သည်ဖြစ်ချင်သည်ဆိုလျှင် ကြီးစွာသော ဘုရားသခင်၏ လက်တော်အောက်သို့ သင်ကိုယ်သင် နှိမ့်ချပါ။ အချိန်တန်သောအခါသူသည်သင့်ကို ချီးမြှောက်မည် ဖြစ်ပါသည်။ ၎င်းနှင့်ပတ်သက်၍ အလျင်စလိုမြန်ဆန်ခြင်း၌ မရှိကြပါနှင့် ။ သင်၏လက်မှ လုပ်ဆောင်ရန် တွေ့ရှိသော မည်သည့်အရာကိုမဆို သင်တတ်နိုင်သည့်အတိုင်းလုပ်ပါ။ သင်၏ မြေကြီးတန်ဆာပလာကို စင်ကြယ်ရန် စတင်လျက် ဆက်လက်လုပ်ဆောင်ခြင်းသည် သခင်၏ အသုံးပြုခြင်းအတွက်အံ့ဝင်ဂွင်ကျဖြစ်နိုင်ပါသည်။

## December-23 (ဒီဇင်ဘာလ ၂၃)

**“အချိန်တန်မှ ပြောသောစကားသည်လည်း အလွန်လျောက်ပတ်ပေ၏။လျောက်ပတ်သောစကားသည် ငွေအပြောက်မှာ စီချယ်သော ရွှေရှောက်ချိုသီးနှင့်တူ၏။” (သု ၁၅း၂၃ ။၂၅း၁၁)**

ကြားတတ်သောနားရှိသူတို့နှင့် ဘုရားသခင်ထံသို့ သွားသောလမ်းကို စုံစမ်းကြသော သူတို့နှင့်အတူ ပြောဆိုသောအခါ လူတို့၏ ဘဝအသက်တာထဲ၌ ကြီးစွာသော ငိုကြွေးခြင်းများရှိကြသည့် ဤအလွန်အရေးပါသော အချိန်ကာလများတွင် စကားလုံးတလုံးသည် ကွဲပြားခြားနားသောအချိန်ကာလများအောက်ရှိ အခြားအချိန်ကာလများ၌ ပြောသောစကားလုံးတစ်ရာ(သို့) စကားလုံးတစ်ထောင်ထက်ပို၍တန်ဖိုးရှိနိုင်သည်။ ပို၍ပို၍ တန်ခိုးရှိနိုင်သည်ကို ကျွန်ုပ်တို့သည်အောက်မေ့သတိရကြရမည်ဖြစ်ပါသည်ကျွန်ုပ်တို့ကိုယ်တိုင်အတွက်ကျိုးကြောင်းစီလျော်သည်ဖြစ်စေ၊ မစီလျော်သည်ဖြစ်စေ သခင်ဘုရား၏အမှုတော်မြတ်၌ချက်ချင်းရှိကြရမည်ဖြစ်ပါသည်၊ ညီအစ်ကိုများအတွက် ကျွန်ုပ်တို့ကိုယ်ကို ချထားရန်ဝမ်းမြောက်စွာ အဆင်သင့်ရှိကြရမည့်သူများဖြစ်ပါသည်။ သို့သော် ကျွန်ုပ်တို့ကိုယ်တိုင်အတွက် အချိန်မရှိခြင်းနှင့် အခြားသူတို့၌ အချိန်မရှိခြင်းတို့အကြား ခြားနားမှုကို ကျွန်ုပ်တို့သည် သိမှတ်နားလည်ကြရမည်ဖြစ်ပါသည်။ သူတို့အတွက် အချိန်နှင့်အခွင့်အလမ်းရှိသည်ဆိုလျှင် ကျွန်ုပ်တို့ကိုယ်တိုင်၌ ဘယ်လိုပဲအချိန်မရှိသည်ဖြစ်စေ၊ မည်သည့်အချိန်၌မဆို အခြားသူတို့အား အစေခံရန် အလိုဆန္ဒရှိကြရမည်ဖြစ်ပါသည်။ သို့သော်ကျွန်ုပ်တို့ကိုယ်တိုင်အတွက် သင့်လျော်သောအချိန် ဘယ်လိုပဲရှိနေနိုင်စေကာမူ အခြားသူတို့အတွက် မသင့်လျော်သော အချိန်ကာလများဖြစ်သည်ဆိုလျှင် ဧဝံဂေလိတရားကိုပင်လျှင် အတင်းဝင်ရောက် ဟောပြောဖို့မဟုတ်ပါ။

## December-24 (ဒီဇင်ဘာလ ၂၄)

**“သားယောက်ျားကိုဖွားမြင်လိမ့်မည်။ထိုသားသည်မိမိလူတို့ကိုအပြစ်မှကယ်ချွတ်မည်သူဖြစ်သောကြောင့် ယေရှုသောအမည်ဖြင့် မှည့်ရမည်ဟု ကောင်းကင်တမန်ဆို၏။” ( မ ၁း ၂၁)**

ကျွန်ုပ်တို့ကယ်တင်ရှင်၏ မွေးဖွားခြင်းနှင့် ဧဝံဂေလိသတင်းစကားကို ပျံ့နှံ့ဖို့ရန်အတွက် ပြင်ဆင်ပေးခဲ့တော်မူ သော ဘုရားသခင်၏ မစတော်မူခြင်းအားဖြင့် ထိုသေးငယ်သောအရာများကို သတိမူခြင်းသည် ဘုရားသခင်၏လူတို့၏ ယုံကြည်ခြင်းကို သန်စွမ်းစေပါသည်။ အတိတ်ကာလ၌ သေးငယ်သောအရာများအပေါ်၌ပင်လျှင် ဘုရားသခင်၏ဂရုမူခြင်းကို သိမှတ်လျက် ဗက်လင်မြို့တွင် ဖွားမြင်ခဲ့တော်မူသော ‘သူ’၌ဗဟိုပြုထားသောအလွန်ကြီးမြတ်လျက် အလွန်အဖိုးထိုက်တန်သော ဂတိတော်များအားလုံးတို့၏ ပြည့်စုံခြင်းသည် အနာဂတ်၌ပင်ရှိနေသေးသည့် သူ၏အကြံအစည်၏ သွင်ပြင်လက္ခဏာများအတွက် သူ၏ဉာဏ်ပညာနှင့် မစခြင်း၌ ယုံကြည်စိတ်ချမှုအတွက် အုတ်မြစ်တခုကို ပေးပါသည်။ ထိုနည်းတူ ဘုရားသခင်၏အကြံအစည်မှ သာ၍ ကြီးစွာသော အငန်းအတာများ၌ ဘုရားသခင်၏ မစတော်မူခြင်းများကို သိမှတ်နားလည်ခြင်းတခုသည်လည်း သူ၏ လူတို့၏ သီးသန့်တဦးချင်းစီဆိုင်ရာ အငန်းအတာများနှင့် ပတ်သက်၍ ဘုရားသခင်၏ မစခြင်း၌များလည်း ယုံကြည်ခြင်းကို တိုးပွားစေပါသည်။

## December-25 (ဒီဇင်ဘာလ ၂၅)

**“ကောင်းကင်တမန်ကလည်း၊ကြောက်ရွံ့ခြင်းမရှိကြနှင့်၊လူအပေါင်းတို့သည်အလွန်ဝမ်းမြောက် ဝမ်းသာစရာသိတင်းကို ငါသည် သင်တို့အားကြားပြောရ၏။ ယနေ့တွင် ဒါဝိဒ်၏မြို့၌ သခင်ခရစ်တော် တည်းဟူသော ကယ်တင်သောအရှင်သည် သင်တို့အဘို့အလို့ငှာ ဖွားမြင်ခြင်းကို ခံတော်မူပြီး။” ( လု ၂း၁၀ ၊ ၁၁)**

ကျွန်ုပ်တို့၏ချစ်လှစွာသော ရွေးနုတ်ရှင်၏ ဖွားမြင်ခြင်းအားအထိမ်းအမှတ်ကျင်းပခြင်းအတွက် သင့်လျော်သောနေ့ ဖြစ်သည်ဟု ကျွန်ုပ်တို့သည် သဘောမတူနိုင်သော်လည်း ထိုနေ့သည် အောက်တိုဘာလ (၁)ရက်အနီးဝန်းကျင်နှင့်ပတ်သက်၍ အခိုင်အမာကြေငြာရမည် ဖြစ်ပါသည်။(**Volume 2, p. 54** )သို့သော် သူ၏မွေးနေ့ကို ကျွန်ုပ်တို့သည် အခမ်းအနားကျင်းပသင့်သည်ဟု သူသည် သူ၏အလိုဆန္ဒကို မိန့်မှာခဲ့ခြင်းမရှိသော ကြောင့် မည်သည့်(ဘယ်)နေ့ရက်အပေါ်မှာ ထိုဖြစ်ရပ်အား ကျင်းပကြသည့်အရာမှာ (ကျွန်ုပ်တို့အားလုံးအတွက် အလွန်ကြီးစွာအရေးကြီးသည်ဟု သတ်မှတ်ထားသော်လည်း) အလွန်အရေးမပါသောအရာဖြစ်ပါသည်။ များသောအားဖြင့် အထိမ်းအမှတ်ကျင်းပခဲ့ကြသော ဤနေ့ရက်တွင် ဘုရားသခင်နှင့်ကယ်တင်ရှင်အားချစ်လျက် အသိအမှတ်ပြုခြင်းနှင့် စပ်ဆိုင်သော သဘော၌ နှလုံးသားရှိကြသော သူတို့နှင့် အတူ ကျွန်ုပ်တို့သည် အတော်အသင့်ပါဝင်နိုင်ကြပါသည်။ နှစ်တနှစ်၏ ဤအချိန်အခါ သမယတွင် တဦးမှ အခြားတဦးထံသို့ သေးငယ်သောအမှတ်တရ သတိရစေသောအရာများကို ပေးခြင်းနှင့်စပ်ဆိုင်သော အလေ့အကျင့်သည် အထူးသဖြင့် ကျွန်ုပ်တို့အတွက် သင့်လျော်မှန်ကန်သောအရာဖြစ်ဟန်ရှိပါသည်။ ဘုရားသခင်သည်ကောင်းသောအရာနှင့်စုံလင်သောလက်ဆောင်တိုင်းကို ပေးသောသူဖြစ်ပါသည်။ သူသည် ထပ်တလဲလဲအစဉ် ပေးလျက်ရှိပြီး ကျွန်ုပ်တို့သည်လည်း သူထံမှ ထပ်တလဲလဲအစဉ် လက်ခံရရှိနေကြပါသည်။ သို့ရာတွင် သူ၏လက်ဆောင်အားလုံးတို့အထဲမှ ကျွန်ုပ်တို့အတွက် အလွန်အကြီးမြတ်ဆုံး အရေးကြီးသည့်အရာ တခုမှာ ကျွန်ုပ်တို့၏ ရွေးနုတ်ကယ်တင်ရှင် ဖြစ်သည့် သူ၏တပါးတည်းသော သားတော်နှင့် သက်ဆိုင်သော လက်ဆောင်ဖြစ်ပါသည်။

## December-26 (ဒီဇင်ဘာလ ၂၆)

**“အားယူ၍ အလွန်ရဲရင့်ခြင်းရှိကြလော့။” ( ယောရှု ၁း၇)**

“အားယူ၍ ရဲရင့်ခြင်းရှိကြလော့။” ရဲရင့်ခြင်းနှင့်ပတ်သက်၍ ကွဲပြားခြားနားသောအမျိုးအစားရှိကြပါသည်။ အမျိုးအစားတခုမှာ အတ္တကြီးမားလျက် ကိုယ့်ကိုကိုယ် အထင်ကြီးလေးစားမှုမှ ပေါက်ဖွားလာသောအရာဖြစ်ပါသည်။ အခြားအမျိုးအစားတခုမှာ အခြေအနေအားလုံးမှ အခက်အခဲများကို ထည့်သွင်းစဉ်းစားဆုံးဖြတ်ရန် ပျက်ကွက်သော သတိမဲ့ခြင်း (ကမူးရှူးထိုး)မှ ပေါက်ဖွားလာသောအရာဖြစ်ပါသည်။ သို့သော် သခင်ဘုရားစွဲမြဲစေချင်သော၊ ဝိညာဉ်ပိုင်းဆိုင်ရာ ဣသရေလ တို့အားလုံးပိုင်ဆိုင်ရန်ရှာဖွေကြသော ရဲရင့်ခြင်းသည် လမ်းခရီးမှစစ်ဆေးခြင်းများနှင့် အခက်အခဲများကို တည်ငြိမ်စွာ၊ အေးဆေးစွာ စဉ်းစားတွေးတောစဉ် တဘက်မှလည်း ထိုဖြစ်ပွားချိန်အတွက်၊ ၎င်း၏မလုံလောက်ခြင်းကို နှိမ့်ချစွာ သိမှတ်နားလည်နေစဉ် ဘုရားသခင်၌ ယုံကြည်ခြင်းအားဖြင့် အားပေးတိုက်တွန်းသော ရဲရင့်ခြင်းဖြစ်ပါသည်။ ဘုရားသခင်၌၎င်း၊ သူ၏တတ်စွမ်းနိုင်သော တန်းခိုးတော်၌၎င်း သန်စွမ်းစေရန် သူတို့အား တတ်စွမ်းပေးနိုင်သော ဘုရားသခင်၏ဂတိတော်များ၌ ခိုလှုံကိုးစားခြင်းအားဖြင့် ပေါက်ဘွားလာသော ရဲရင့်ခြင်းဖြစ်ပါသည်။

## December-27 (ဒီဇင်ဘာလ ၂၇)

**"ချစ်သားတို့ ရုပ်တုဆင်းတုကို ကြဉ်ရှောင်ကြလော့။" (၁ယော ၅း၂၁)**

ခေါင်းဆောင်များ၌ ကျွန်ုပ်တို့၏ ခိုလှုံကိုးစားခြင်းကို ထားဖို့မဟုတ်ဘဲ ဘုရားသခင်၌ တင်ထားကြရန်ဖြစ်ပါသည်။ဤအရာမှာ ကျွန်ုပ်တို့သည် ခေါင်းဆောင်များအား ခိုလှုံကိုးစားကြရမည်မဟုတ်၊ ခေါင်းဆောင်များအားအသိအမှတ်ပြုကြရမည်မဟုတ်ဟူ၍ ဆိုလိုနေခြင်းမဟုတ်ပါ။အဘယ်ကြောင့်ဆိုသော် အရိပ်၌သော်၎င်း၊ အစစ်အမှန်၌သော်၎င်း သူ၏လူတို့နှင့်အတူ ဘုရားသခင်၏ဆက်ဆံခြင်းနှင့်စပ်ဆိုင်သော သမိုင်းအားလုံးတို့သည် ကျေးဇူးတပါးမှတပါး အသိပညာတခုမှတခုသို့ သူ၏လူတို့အား သွန်သင်ခြင်းနှင့် လမ်းပြခြင်း၌ သူ၏ကိုယ်စားလှယ်များအဖြစ် လူကိုယ်စားလှယ်များကို အသုံးပြုရန် သူသည်ကျေနပ်အားရတော်မူသည်ကို ကျွန်ုပ်တို့အားပြသပါသည်။ဘုရားသခင်သည် မိမိ၏အလုပ်ကိုစီမံရန် ကျွမ်းကျင်သောသူဖြစ်ပြီး လူကိုယ်စားလှယ်များအားဖြင့် သူ၏ဦးဆောင်မှုကို ကျွန်ုပ်တို့သည် ရှာဖွေနေစဉ် ကျွန်ုပ်တို့၏ခိုလှုံကိုးစားခြင်းမှာ သူတို့၌မဟုတ်ပါ၊ သူတို့၏ပညာ၊ သူတို့၏ခွန်အား၌မဟုတ်ပါ။ သူတို့အားဖြင့် သူတို့နှင့်ကျွန်ုပ်တို့အား သွန်သင်လမ်းပြနေသော ဘုရားသခင်၏ပညာနှင့် ခွန်အား၌ခိုလှုံကိုးစားကြရမည်မှာ ကျွန်ုပ်တို့လေ့လာရမည့်သင်ခန်းစာဖြစ်ပါသည်။

## December-28 (ဒီဇင်ဘာလ ၂၈)

**"လမ်းနားမှာ စီးသောရေကို သောက်၍၊ ခေါင်းတော်ကိုချီးမြှင့်တော်မူမည်။" (ဆာ ၁၁၀း၇)**

ဘဝ၏အတွေ့အကြုံများမှ စီးသောရေကို အသစ်သောဖွဲလုံ့လနှင့်အတူ သစ္စာရှိစွာ၊ ဝမ်းမြောက်စွာသောက်ရန် ကျွန်ုပ်တို့သည် ကြိုးပမ်းကြရမည်ဖြစ်သောကြောင့် ကျွန်ုပ်တို့အား ပို၍ပို၍ ကောင်းကြီးပေးရန်ကျွန်ုပ်တို့၏သခင်နှင့် ဦးခေါင်းဖြစ်တော်မူသော သခင်ဘုရားထံ တောင်းလျှောက်ချင်ပါသည်။ ထိုမှတဖြည်းဖြည်းဖြင့် သူ၏အမှုတော်အတွက် ကျွန်ုပ်တို့အား သင့်လျော်စွာပြင်ဆင်မည်ဖြစ်သော၊ ယခုလက်ရှိကာလအချိန်၌လည်း သူ၏အမှုတော်မြတ်အတွက် သာ၍ကောင်းစွာပြင်ဆင်မည်ဖြစ်သော ပညာကိုရရှိလျက် သူ၏ဥစ္စာဖြစ်သော ကျွန်ုပ်တို့၏ကိုယ်ခန္ဓာများနှင့် စိတ်ဝိညာဉ်များ၌ သူ့အား ဘုန်းထင်ရှားစေရန်ကဲ့သို့ ဘဝ၏အလှည့်အပြောင်းများနှင့် စစ်ကြောနေသော အခြေအနေများအားလုံးတို့၌ သူ၏ဂုဏ်ကျေးဇူးတော်ကိုဖော်ပြရန် ကျေးဇူးတော်အားဖြင့် ကျွန်ုပ်တို့သည် တတ်စွမ်းနိုင်မည်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် စီးသောရေကို သောက်ကြသည်အတိုင်း စာငှက်ကလေးများထံမှ သင်ခန်းစာတခုကို ယူကြပါစို့။သူတို့သည် ရေကိုသောက်သောအခါဘုရားသခင်အား ကျေးဇူးတင်သကဲ့သို့ ဦးခေါင်းကိုထပ်ခါထပ်ခါ မော့ကြပါသည်။ထိုနည်းတူ ကျွန်ုပ်တို့သည်လည်း ဘဝ၏အတွေ့အကြုံမှ မြည်းစမ်းရသည့်အရာတိုင်းအတွက်သော်၎င်း၊ သင်ခန်းစာတိုင်းအတွက်သော်၎င်း၊ စစ်ဆေးမှုတိုင်းအတွက်သော်၎င်း (ကျွန်ုပ်တို့၏ဝိညာဉ်ပိုင်းဆိုင်ရာ တိုးတက်ခြင်းအတွက် ခပ်သိမ်းသောအရာအားလုံးကို ပြင်ဆင်လျာထားသော) ကျွန်ုပ်တို့၏ဘုရားသခင်ထံ အဆက်မပြတ် ကျေးဇူးတော်ချီးမွမ်းကြပါစို့။

## December-29 (ဒီဇင်ဘာလ ၂၉)

**"နံနက်အချိန်၌မျိုးစေ့ကိုကြဲလော့။ညဦးအချိန်၌လည်းမကြဲဘဲမနေနှင့်။အကြောင်းမူကား အဘယ်အရာသည်အကျိုးရှိမည်ကိုဂင်း၊နှစ်ပါးစလုံးတို့သည်အညီအမျှအကျိုးရှိမည်ကိုဂင်း မသိနိုင်။" (ဒေ ၁၁၀း၆)**

သမ္မာတရား၏အစေခံများဖြစ်ကြရန်သူတို့တွင်ဆန္ဒရှိသည့် ပမာဏနှင့်အညီ ဘုရားသခင်၏ လူအားလုံးတို့သည် အစေခံခြင်းအတွက် အခွင့်အလမ်းများကို သတိပြုရန်နိုးနိုးကြားကြားရှိခြင်း၌ အဆက်မပြတ်ရှိနေသင့်လျက် ဘုရားသခင်၏လမ်းပြခြင်းနှင့် အသုံးပြုခြင်းကို ခံရရန်မျှော်လင့်သင့်ကြပါသည်။ဘုရားသခင်နှင့် သူ၏နုတ်ကပတ်တော်အား အလွန်နှစ်သက်စုံမက်ခြင်းနှင့် စပ်ဆိုင်သော သက်သေအထောက်အထားများကိုတွေ့မြင်ကြသည့် မည်သည့်အချိန်၌မဆို ကူညီသောလက်များကို ဆန့်တန်းဖို့ရန် နိုးနိုးကြားကြား၌ ကျွန်ုပ်တို့သည် ရှိသင့်ကြပါသည်။ဘုရင်တကာတို့၏ ဘုရင်၏အမှုတော်မြတ်အတွက် သူတို့ကိုယ်သူတို့ကို ဆက်ကပ်အပ်နှံခဲ့ကြသောသူတို့နှင့်အတူ ဤအရာသည် ဘ၀အသက်တာ၏ အဓိက တာ၀န်အမှုအရေးဖြစ်သည်ကို လွန်စွာ ကြည်ညိုလေးစားရန်နှင့် ကျွန်ုပ်တို့လက်ခံရရှိခဲ့သော ကောင်းကြီးမင်္ဂလာနှင့်အတူ လက်ဆင့်ကမ်းရန်အတွက် ကျွန်ုပ်တို့သည် နိုးနိုးကြားကြားရှိကြရမည်ဖြစ်ပါသည်။

## December-30 (ဒီဇင်ဘာလ ၃၀)

**"နှစ်တို့ကိုကျေးဇူးတော်နှင့်ပတ်ရစ်တော်မူ၍၊ခြေတော်ရာတို့သည် ဆီဥယိုတတ်ကြပါ၏။" (ဆာ ၆၅း၁၁)**

ကုန်လွန်ခဲ့သောနှစ်ကာလအတောအတွင်း ဘုရားသခင်၏ကြည့်ရှုစောင့်ထိန်းတော်မူခြင်းနှင့်စပ်ဆိုင်သောပို့ဆောင်တော်မူခြင်းများကို ကျွန်ုပ်တို့သည် ထပ်မံစစ်ဆေးသုံးသပ်သည့်အတိုင်းလာမည့်နှစ်သစ်တွင်လည်း ဘုရားသခင်၏ကောင်းမြတ်ခြင်းနှင့် ဂရုဏာတော်နှင့်ပတ်သက်၍သူ့အပေါ်၌ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းနှင့် စိတ်ချမှုများကို ဖွံ့ဖြိုးစေကြပါစို့။ အကယ်၍ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏လိုအင်ဆန္ဒများ၊ ကျွန်ုပ်တို့၏ အသက်တာများနှင့်အရာအားလုံးကိုသူ၏ဉာဏ်ပညာနှင့်မေတ္တာနှင်တကွ ကြည့်ရှုစောင့်ရှောက်ခြင်း၌ အဆက်မပြတ်အပ်နှံမည်ဆိုလျှင် ဘုရားသခင်၏ သင့်လျော်သောသားသမီးတစ်ဦး၏ အပိုင်းမှ သင့်လျော်သော သုံးသပ်ချက်အမြင်မှာ အတိတ်အတွက် ပြန်လည်ကျေးဇူးတင်ရုံသာမကဘဲ ကျွန်ုပ်တို့၏ရွေးနုတ်ခြင်းသည် ကျွန်ုပ်တို့၏ ဦးစွာယုံကြည်ခဲ့သော အချိန်ထက်သာ၍ နီးနေသည်ကိုလည်းကောင်း၊ ကျွန်ုပ်တို့အထဲ၌ ကောင်းသောအမှုကို စတင်ခဲ့တော်မူသောသူသည် ပြည့်စုံရန်အတွက် အလိုဆန္ဒနှင့် တတ်စွမ်းနိုင်သည့် အရာနှစ်ပါးစလုံးကို သိမှတ်လျှက် သူ၏ဦးခေါင်းကို မော့လျက်မျှော်ကြည့်နိုင်မည် ဖြစ်ပါသည်။

# December-31 (ဒီဇင်ဘာလ ၃၁)

**“ငါ၌ထာဝရဘုရားပြုတော်မူသော ကျေးဇူးအားလုံးတို့ကိုအဘယ်သို့ဆပ်ရမည်နည်း။ကယ်တင်ခြင်းခွက်ဖလားကိုကိုင်ယူ၍ ထာဝရဘုရား၏နာမတော်ကိုပဌာနပြုရမည်။ထာဝရဘုရားအား သစ္စာကတိထားသည့်အတိုင်း၊ထာဝရဘုရား၏လူများရှေ့၌ သစ္စာတော်ကိုဖြေမည်။” (ဆာ ၁၁၆း၁၂-၁၄)**

နှစ်တစ်နှစ်၏ အဆုံးသည် လမည့်နှစ်အတွက် အသစ်သောခိုင်မာသည့်ဆုံးဖြတ်များ၊ သံဓိဌာန်များကိုပြုလုပ်ခြင်းအတွက် အလွန်ကောင်းသော အချိန်အခါတစ်ခုဖြစ်ပါသည်။ ချစ်သောညီအစ်ကိုမောင်နှမများခင်ဗျာ- ကျွန်ုပ်တို့သခင်နှင့်အတူ မိဿဟာရဖွဲ့ခြင်း၌ ကျွန်ုပ်တို့သည် မည်ကဲ့သို့ဖြစ်မည်၊ လုပ်မည် ဒုက္ခဆင်းရဲခံမည်နှင့်ပတ်သက်၍ ကောင်းသောခိုင်မာသည့်ဆုံးဖြတ်ချက်များကို များစွာ ပြုလုပ်ကြပါစို့။ ကိုယ့်ကိုကို ငြင်းပယ်ခြင်း၌သော်လည်းကောင်း၊လောကနှင့် လောက၏ဝိညာဉ်ကို အောင်မြင်ခြင်း၌ သော်လည်းကောင်း၊ ဇာတိနှင့် ဇာတိ၏အလိုဆန္ဒများကို လုံးဝဥဿုံအောင်မြင်ခြင်း၌ သော်လည်းကောင်း၊ ရန်သူကို ခုခံခြင်း၌လည်းကောင်း၊ ရန်သူအားတားဆီးခြင်း၌ သော်လည်းကောင်း၊ ကျွန်ုပ်တို့သခင်၏ ဘုန်းအသရေကို ထင်ရှားစေခြင်းနှင့် သူ၏လူတို့အား ကောင်းကြီးပေးခြင်း၌ သော် လည်းကောင်း၊ သူ၏ကျေးဇူးတော်အားဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အသက်တာကုန်ဆုံးသည့် တိုင်အောင်အကောင်းဆုံးနှစ်

အဖြစ် ပြုလုပ်နိုင်မည် ဖြစ်ပါသည်။